ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

(Village Development Project)

ဟိုပိတ်ကျေးရွာအုပ်စု ၊ပန်ဟတ်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်ဟတ်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ပန်ဟတ်ကျေးရွာသယံဇာတပြမြေပုံ၊လာ:ရှိုးမြို့နယ်	၆
	ပန်ဟတ်ကျေးရွာရာသီခွင်ပြပြကွဒိန်၊လာ:ရှိုးမြို့နယ်	၇
	ပန်ဟတ်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၁၀
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၁၀
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၂
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၃
	(က) သီးနှံစိုက်ပျိုးရေး	၁၃
	(ခ) မွေးမြူရေးလုပ်ငန်း	၁၅
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၆
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၆
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၇
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၇
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၇
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၇
	(ခ) ကျေးရွာမီးလင်းရေး	၁၈
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၈
၇။	ပညာရေး	၁၈
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၉
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၂၀
၁၀။	ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ	၂၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၂၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၂၀
၁၃။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၂၂
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	၂၃

	စီမံချက်အဆိုပြုလွှာ(၁)	၂၄
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၉၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့

၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါ သည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည် ဆောက်မှုအခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

အောက်တိုဘာလ၊၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ပန်ဟတ်ကျေးရွာ

လားရှိုးမြို့နယ်


ပန်ဟတ်ကျေးရွာသယံဇာတပြမြေပုံ၊လား:ရှိုးမြို့နယ်



ပန်ဟတ်ကျေးရွာရာသီခွင်ပြပြကွဒိန်၊လားရှိုးမြို့နယ်



ပန်ဟတ်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊လား:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်တော်ကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟိုပိတ်ကျေးရွာအုပ်စု၊ ပန်ဟတ် (၁၀)မိုင်ရွာ ဖြစ်ပါသည်။ လားရှိုးမြို့၏အရှေ့အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၁၀)မိုင် ခန့် ကွာဝေးသောကြောင့် (၁၀)မိုင်ရွာဟု အများကခေါ်ဝေါ်ကြခြင်းဖြစ်ပါသည်။ ပန်ဟတ်ကျေးရွာသည် မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးဘေးဝဲယာတွင် တည်ရှိပါသည်။ ပန်ဟတ်ကျေးရွာ၏ ပတ်ဝန်းကျင်အနေအထားမှာ မြေပြန့်မှုနည်းပါး၍ တောင်ကုန်းတောင်တန်းပေါများပါသည်။ ကျေးရွာ၏နောက်ကျောဘက်တွင် ကျောက်တောင်၊ ဗြုံးတောင်များတည်ရှိနေပါသည်။ ၄င်းတောင်များပေါ်၌ သစ်ပင်အနည်းငယ်နှင့် ဝါးပင်အနည်းသာပေါက်ရောက်ပြီး စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း မရှိပါ။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သောရာသီဥတု ဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧကမှာ လယ်မြေ(၁၃၄က)၊ တောင်ယာမြေ(၁၅၂၄က) စုစုပေါင်း (၁၆၅၈က) ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင် ကောင်းမွန်ပါသည်။ ရွာပတ်လည်တွင် တောင်ကုန်းများ၊ ဗြုံးတောင်နှင့် ကျောက်တောင်တို့ တည်ရှိနေသောကြောင့် စိုက်ခင်းများမှာ ရွာနှင့်အလှမ်းဝေးသောနေရာတွင် စိုက်ပျိုးလုပ်ကိုင်ရပါသည်။ လမ်းမကောင်းသည့် အတွက် ကား၊ ထော်လာဂျီများ မသွားလာနိုင်ပါ။ ထို့ကြောင့် ကုန်ပစ္စည်း များ သယ်ယူရခက်ခဲသဖြင့် ကုန်ကျစရိတ်များသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ပန်ဟတ်ကျေးရွာတွင် အိမ်ထောင်စု(၆၀)အိမ်ရှိပြီး၊ ဗမာ၊ ကိုးကန့်၊ ခိုလုံ-လီရှော လူမျိုးများ စုပေါင်းနေထိုင်လျက်ရှိပါသည်။ လူဦးရေစုစုပေါင်း (၃၉၄)ဦးဖြစ်ပြီး ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆-၇)ဦး ရှိပါသည်။ ကိုးကန့်လူမျိုး အများစုဖြစ်ပြီး ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများ ကိုးကွယ်ကြပါသည်။ ကျွန်တော်တို့ပန်ဟတ်ကျေးရွာ၏ လူဦးရေမှာ နို့စို့အရွယ် ကျား (၃)ဦး၊ မ(၅)ဦး၊ ၅နှစ် အောက်ကလေးငယ်မှာ ကျား(၂၃)၊ မ(၂၀)ဦး၊ မူလတန်းကျောင်းသား အရွယ်

(၁၀)နှစ်အောက် ကျား(၂၉)ဦး၊ မ(၂၄)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၁၀နှစ်မှ ၁၄နှစ်)အထိ ကျား(၃၂)ဦး၊ မ(၃၁) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၁၁၈)ဦး၊ မ(၉၄)ဦး၊ (၆၅)နှစ်အထက် သက်ကြီးရွယ်ကြီး ကျား(၄)ဦး၊ မ(၁၁)ဦးတို့ဖြစ်သည်။ နို့စို့အရွယ်ကလေးများအား ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးလျှက်ရှိပါသည်။ ကာကွယ်ဆေးများ မထိုးနှံကြသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို ၆-၇နှစ်မှ စတင်တက်ရောက်ကြပါသည်။ ကလေးဦးရေ များပြား၍ စားဝတ်နေရေးခက်ခဲမှုများနှင့် ကြုံတွေ့ရပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၃၄က)နှင့် တောင်ယာမြေ(၁၅၂က) ရှိပါသည်။ တောင်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ပြီးပါက မီးသွေးဖုတ်ခြင်း၊ ပန်းရံ၊ လက်သမားလုပ်ခြင်း၊ ပိုးစာပင်များ စိုက်ခြင်း၊ ပိုးမွေးခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် တောင်ယာအဌားလိုက်ခြင်း၊ ပြောင်းစိုက်ခြင်း၊ ပြောင်းချိုးခြင်း၊ ပန်းနှမ်းများ စိုက်ပျိုးခြင်းများကို လုပ်ကိုင်ကြပါသည်။ အခြားမြို့များသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများပါသည်။ ကျေးရွာတွင် တောင်ယာနေ့စား လုပ်အားခကို အနည်းဆုံး(၄၅၀၀)ကျပ်မှ အများဆုံး(၆၀၀၀)ကျပ် ထိရရှိပါသည်။ တရုတ်ပြည်တွင် သွားရောက်လုပ်ကိုင်ပါက အနည်းဆုံးလုပ်အားခ (၁၅၀၀၀)ကျပ်မှ အများဆုံး (၂၁၀၀၀)ကျပ်ထိရရှိပါသည်။ နေ့စားလုပ်ခနည်းပါးနေခြင်း၊ ကျေးရွာတွင်း အမြဲလုပ်ငန်းခွင် မရှိခြင်းများကြောင့် ရွာတွင်းလုပ်ကိုင်သူနည်းပါးပြီး အခြားမြို့များသို့ သွားရောက်လုပ်ကိုင်မှုများပါသည်။ သွားရောက်လုပ်ကိုင်ကြသူများသည် ပန်းရံ၊ လက်သမားလုပ်ငန်း၊ အရောင်းဝန်ထမ်း၊ အိမ်အကူ၊ စားသောက်ဆိုင်စားပွဲထိုးအဖြစ် လုပ်ကိုင်ကြပါသည်။

ပန်ဟတ်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၁.၆၇%)၊ အလယ်အလတ် ရှိသော အိမ်ထောင်စုက (၃၆.၆၇%)၊ မပြေလည်သောအိမ်ထောင်စု (၂၄.၉၉%)နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၆.၆၇%) ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၆)ဧကနှင့် အထက်ရှိခြင်း၊ တိုက်အိမ်များ၊ ကားများ၊ လယ်ယာသုံးပစ္စည်း ကိရိယာများဖြစ်သော လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၃)ဧကအထက်ရှိခြင်း၊ သွပ်မိုးထရံကာ အုတ်ခုံအိမ်များ၊ ထော်လာဂျီများ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှု (၁)ဧကအထက်ရှိခြင်း၊ သွပ်မိုးမြေစိုက်ထရံကာအိမ်၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှုမရှိပါ။ သက်ကယ်မိုး ဝါးထရံကာအိမ်များဖြင့် နေထိုင်ကြပါသည်။

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် ကျေးရွာ၏ (၃၃.၃၃%) မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြသည်။ တစ်နေ့လုပ် တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု(၁၈.၃၃%)သည် ဆင်းရဲသားတောင်သူများဖြစ်ပြီး မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု (၃၆.၆၇%)ရှိသောတောင်သူငယ်များသည် လယ်ယာမြေလုံလောက်မှု ရှိပြီး၊ မြေပိုင်ဆိုင်မှု(၁၀%)ရှိသော တောင်သူလတ်များသည် လယ်မြေပိုင်ဆိုင်မှုကောများပါသည်။ တောင်သူကြီးသည် လယ်မြေ(၁၄)ဧက၊ မြေပိုင်ဆိုင်မှု (၁.၆၇%) ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ရွာနှင့် တောင်ယာသွားရာလမ်း အလှမ်းဝေးသောကြောင့် အချို့တောင်ယာများတွင် သီးနှံ မစိုက်ပျိုးနိုင်သဖြင့် စားနပ်ရိက္ခာမဖူလုံမှုများ ရှိလာနိုင်ပါသည်။ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ ကျန်းမာရေးအသိမရှိခြင်းကြောင့် ငှက်ဖျားရောဂါများ၊ ကျောက်ကပ်ရောဂါများဖြစ်ပွားမှုရှိပါသည်။ ကျေးရွာအတွင်း ဆိုင်ကယ်စျေးသည်များမှ မသန့်ရှင်းသောအသားများ လာရောက်ရောင်းချခြင်း၊ ရွာသားများမှလည်း ဝယ်ယူစားသောက်ခြင်းများကြောင့် တိရိစ္ဆာန်ကူးစက်ရောဂါမကြာခဏ ဆိုသလိုဖြစ်ပွားပါသည်။

ကျွန်တော်တို့ ပန်ဟတ်ကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ၍ သုံးစွဲနိုင်ခြင်း၊ ဆိုင်ကယ်များစည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများဖြစ်လာနိုင်၍ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ အမျိုးသားများသည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ရှာဖွေစားသောက်ရသောကြောင့် ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ လက်လုပ်လက်စားများ၊ ကျပန်းများသည် ကျေးရွာတွင်းကြုံရာကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ နေပူမိုးရွာမရှောင်လုပ်ကိုင်ရခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ လုပ်အားခနည်းပါးခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ဆေးစွဲသူများသည် မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် အလုပ်မလုပ်နိုင်ရုံသာမက လူမှုရေး၊ စီးပွားရေးကိစ္စများ၌ လှစ်ဟာမှုများ၍ ထိခိုက်လွယ်မှုမြင့်ပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် အခြားဒေသသို့ မိဘဆွေမျိုးများနှင့်ဝေးကွာပြီး ပြောင်းရွှေ့လုပ်ကိုင်ခြင်းကြောင့် ခေါင်းပုံဖြတ်ခံရနိုင်ခြင်း၊ ဓါးပြတိုက်လုယက်ခံရနိုင်ခြင်း၊ ညီညွတ်မှုတသော ဆက်ဆံရေးမရရှိခြင်း၊ လုံခြုံစိတ်ချမှုမရှိခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။

ကျွန်တော်တို့ရွာတွင် အချို့အမျိုးသားများသည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးအတွက် ပြောင်းချိုးခြင်း၊ ပြောင်းစိုက်ခြင်း၊ ပေါင်းရှင်းခြင်း၊ ပန်းနှမ်းစိုက်ခြင်းများတွင် နေ့စားအဖြစ် လုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုသည် မိသားစုများပြီး မုဆိုးဖို၊ မုဆိုးမများဖြစ်နေခြင်း၊ အချို့သည် ကိုယ်အင်္ဂါ

မသန်စွမ်းပြီး လေဖြတ်နေသူများရှိနေခြင်း၊ သားသမီးဆွေမျိုးများမရှိ၍ ရပ်ရွာမှစောင့်ရှောက်ပေး နေရပါသည်။ စိုက်ပျိုးချိန်တွင် ဝိုင်းဝန်းစိုက်ပျိုးပေးခြင်း၊ ဖျားနာမှုရှိလျှင် ရပ်ရွာမှ ဆေးရုံ၊ ဆေးခန်း ပို့ပေးခြင်း ၊ ညဘက်တွင် စောင့်ရှောက်ပေးရခြင်းများရှိပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့များသည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ရွာလုံးကျွတ်ဝိုင်းဝန်းကူညီပေးခြင်း၊ ချက်ပြုတ်လုပ်ကိုင်ပေးခြင်း လုပ်ဆောင်ခြင်းများရှိ၍ ကောင်းမွန်ပါသည်။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ဦးဆောင် ပြီး နိုင်ငံတော်ထောက်ပံ့ငွေအား ကျေးရွာအတွင်း ချေးယူစေပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများစသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ ပြည်သူ့စစ်အဖွဲ့၊ မီးသတ်အဖွဲ့များသည် ကျေးရွာ၏ လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ ပါသည်။

မဂ္ဂင်ဖောင်ဒေးရှင်းအဖွဲ့အစည်းမှ ကျေးရွာအတွင်း လိုအပ်နေသောပညာရေးအဆောက်အအုံ၊ ကျောင်းသုံးခုံ၊ စားပွဲ၊ ကျောင်းသားသုံး လွယ်အိတ်၊ စာအုပ်၊ ခဲတံ၊ ကျောင်း ဝတ်စုံနှင့် ကျောင်း အိမ်သာစသည့် ကျောင်းသုံးပစ္စည်းကိရိယာ၊ ကျောင်းအဆောက်အဦများကို ဆောက်လုပ်လှူဒါန်း ပေးခဲ့ပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ပန်ဟတ်ကျေးရွာတွင် တောင်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး မြေ ပိုင်ဆိုင်မှုများ ပါသည်။ တောင်ယာလုပ်ငန်းများသည် မိုးကိုသာ အဓိကအားကိုး၍ စိုက်ပျိုးရပါ သည်။ ကျေးရွာ၏ သဘာဝရာသီဥတုအခြေအနေမှာ အတော်အသင့်ကောင်းမွန်ပြီး တောင်ကုန်း ပေါ်တွင် အဓိကစိုက်ပျိုး ရပါသည်။ စိမ့်စမ်းရေသည် ရွာမှ(၄)မိုင်ခန့်ကွာဝေးပြီး လယ်ယာလုပ်ငန်း များတွင်သာ စိုက်ပျိုးရေအဖြစ် အသုံးပြုကြပါသည်။ ရွာနှင့်အလှမ်းဝေးသော လယ်ယာမြေများ သည် လမ်းမရှိ၍ သွားလာရန် ခက်ခဲပါသည်။ သီးနှံများကို လူဖြင့် သယ်ယူရန် အခက်အခဲများရှိ သောကြောင့် အချို့လယ်ယာများ သည် မစိုက်ပျိုးနိုင်ပဲ ကျန်ရှိပသည်။ ကုန်ထုတ်လမ်းဖောက်လုပ် ပေးနိုင်မည်ဆိုပါက ဆိုင်ကယ်၊ ထော်လာကျီကားများ သွားလာရအဆင်ပြေမည်ဖြစ်ပြီး ကုန်စည် စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ် ပါသည်။ ထို့ကြောင့် ကျေးရွာရှိလယ်ယာမြေများသည် အသင့်

အတင့်သာ အသုံးချစိုက်ပျိုးနိုင်ပါသည်။ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ဟိုပိတ်စျေးတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိမ့်စမ်းရေကို ရာသီအလိုက်သာသုံးစွဲနိုင်ခြင်း၊ နွေရာသီတွင် ရေများခမ်းခြောက်ခြင်းကြောင့် စိုက်ပျိုးရေလုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ တောင်ယာသို့ သွားလာမှုအနည်းငယ်ဝေးပြီး လမ်းမပေါက်သောကြောင့် သီးနှံများကို သယ်ယူပို့ဆောင်ရန် အခက်အခဲများရှိပါသည်။ အချို့တောင်ယာများကို လမ်းမရှိ၍ မလုပ်ကိုင်ကြတော့ဘဲ မြေလွတ်မြေရိုင်းအဖြစ် ကျန်ရှိနေခြင်းကြောင့် ကျေးရွာနေလူထုများ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များကျဆင်းမှုနှင့် ကြုံတွေ့ရပါသည်။ မြေဆီလွှာအရည်အသွေးမှာ မြေဩဇာပိုမိုသုံးစွဲမှသာ သီးနှံများအထွက်နှုန်းတိုးပါသည်။ အထွက်နှုန်းထိုက်သင့်သလောက်မရရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် အဓိကအားဖြင့် ပြောင်းကိုသာ စီးပွားဖြစ်စိုက်ပျိုးကြပါသည်။ ပြောင်း(၁)ဧကလျှင် ပျမ်းမျှပိသာ(၂၀၀)ထွက်ရှိပါသည်။ စိုက်ပျိုးရာတွင် လိုအပ်သောဓါတ်မြေဩဇာများ၊ ပြောင်းမျိုးစေ့များကို ဟိုပိတ်စျေးတွင် ဝယ်ယူရရှိပါသည်။ ထို့သို့ ဝယ်ယူရာ၌ အကြွေးဝယ်ယူပါက (၅၀၀၀)ကျပ်ပိုပေးရပါသည်။ တောင်ပေါ်တွင် အဓိကစိုက်ပျိုးရသောကြောင့် တောင်စောင်းနေရာများသည် မိုးရွာလျှင် ရေတိုက်စားပြီး မြေဩဇာများရေနှင့်အတူ မျှောပါ၍ မြေဆီများနည်းပါးသွားသဖြင့် သီးနှံအထွက်နှုန်းနည်းပါသည်။ ထိုအချိန်တွင် အမြတ်ရရှိမှု နည်းပါသည်။ ကျောက်တောင်၊ ဗြုံးတောင်များ တည်ရှိပြီး အပေါ်ယံမြေသားထုသည်မှာ အများဆုံးတစ်ပေထုခန့်သာရှိသောကြောင့် တောင်စောင်းနေရာများတွင် လှေကားထစ်စိုက်ပျိုးနည်းဖြင့် စိုက်ပျိုး၍မရပါ။ စပါးကို မိသားစုစားသုံးရန်အတွက်သာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ မြေဩဇာလုံလောက်စွာ မကျွေးနိုင်ခြင်း၊ ထွန်ယက်ရန် ကျွဲ၊ နွားမရှိခြင်း၊ ထွန်စက်၊ ပေါင်ဖြတ်စက်၊ အစေ့ချစက်၊ ချွေစက်အစရှိသည်များမရှိခြင်း၊ ဌာနရမ်းသော်လည်း စျေးကြီးခြင်း၊ လုပ်အားရှာရခက်ခဲခြင်း၊ နည်းပညာများ မရှိခြင်း ၊ ကျွဲ၊ နွားမမွေးမြူနိုင်၍ သဘာဝမြေဩဇာများ မရရှိခြင်း အစရှိသည့်အခက်အခဲများကြောင့် အထွက်နှုန်းလျော့ကျမှုများ ကြုံတွေ့ရပါသည်။ အကယ်၍ နိုင်ငံတော်မှ ၎င်းအဖွဲ့အစည်းတစ်ခုခုမှ ၎င်းတည်ထောင်ပေးခြင်း(သို့) ဌာနရမ်းပေးခြင်းများ ပြုလုပ်ပေးပါက ဖွံ့ဖြိုးတိုးတက်သောကျေးရွာ ဖြစ်လာနိုင်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများနည်းပါးခြင်းကြောင့် အခက်အခဲများရှိပါသည်။

လယ်မြေလုပ်ကိုင်သောတောင်သူအချို့သာ လက်တွန်းထွန်စက် ပိုင်ဆိုင်ကြပြီး တောင်ယာလုပ်ကိုင်သော တောင်သူအများစုသည် စက်ကိရိယာများမှာ စျေးကြီးသောကြောင့် ဝယ်ယူအသုံးမပြုနိုင်ခြင်းမရှိပါ။ ထို့ကြောင့် တောင်ယာလုပ်ကိုင်သူများသည် ကျွဲ၊ နွားများ ဖြင့် ထွန်ယက်၍

ပေါက်ပြားများ၊ ဓါးများဖြင့် ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြပါသည်။ သီးနှံအထွက်နှုန်းများတိုးစေရန်အတွက် အခွင့်အလမ်းများ ကောင်းစွာရှိပါသည်။ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုလိုအပ်သည့် စက်ကိရိယာများ မပြည့်စုံမှု စိုက်ပျိုးလိုသည့် တောင်ယာများသို့ သွားလာရန် လမ်းပန်းဆက်သွယ်မှုများကို လိုအပ်နေခြင်းကြောင့် အဟန့်အတားများ တည်ရှိနေပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ငွေကြေးလုံမလောက်စွာ မရရှိခြင်း၊ မြစိမ်းရောင်စီမံကိန်းမှ တစ်နှစ်တစ်ကြိမ်ချေးငှားပေးသော်လည်း လိုသလောက်မရရှိခြင်း၊ လိုအပ်သည့်အချိန်အခါမရရှိခြင်း၊ နွား၊ ကျွဲ၊ ဝက်မွေးမြူသူနည်းပါး၍ သဘာဝမြေဆွေးများ မရရှိခြင်း၊ ဓါတ်မြေဩဇာများ လိုအပ်သည့်အချိန်တွင် လိုသလောက် မကျွေးနိုင်ခြင်းကြောင့် သီးနှံထုတ်လုပ်မှုပိုင်းတွင် အဟန့်အတားနှင့် ကြုံတွေ့နေရ ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် တောင်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး မိုးကို အားကိုး၍သာ စိုက်ပျိုးရပါသည်။ တောင်ကုန်းတောင်တန်းများပေါ်တွင် စိုက်ပျိုးရသောကြောင့် ပေါင်းသတ်ချိန်၊ မြေဩဇာများကျွေးချိန်တွင် ၅ဂါလံပုံးများကို ဆိုင်ကယ်များဖြင့် သယ်ယူ၍ ဆိုင်ကယ်သွား၍ မရသောနေရာများတွင် လူဖြင့်သယ်ယူကာဆေးဖျန်းခြင်း၊ မြေဩဇာကျွေးခြင်းများ ဆောင်ရွက်ကြပါသည်။ စိမ့်စမ်းရေရှိသော်လည်း ရွာနှင့်(၄)မိုင်ခန့် ကွာဝေးပြီး ရေထွက်နှုန်းနည်း၍ အနီးအနားရှိလယ်မြေအနည်းငယ်သာ အသုံးပြုနိုင်ပါသည်။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများထံမှချေးငွေများချေးယူရရှိသော်လည်း တစ်နှစ်တစ်ကြိမ်သာ ချေးယူနိုင်သဖြင့်လိုအပ်ချိန်မရပါ။ ထိုအချိန်များတွင် ပွဲစားများ၊ မြေဩဇာဆိုင်များတွင် အကြွေးဖြင့် ဝယ်ယူရရှိပါသည်။ ထိုအခါ ပုံမှန်ဈေးနှုန်းထက် (၅၀၀၀)ကျပ် ပိုပေးရပြီးအတိုးနှုန်းများများနှင့်ဝယ်ယူရပါသည်။

ကျေးရွာတွင် ကျွဲ၊ နွားများ မွေးမြူသူနည်းပါး၍ သဘာဝမြေဩဇာများ၊ သဘာဝမြေဆွေးများအား လိုသလောက်မရရှိနိုင်ပါ။ စိုက်ပျိုးရေးအတွက် လိုအပ်သောဓါတ်မြေဩဇာနှင့် ဓါတုဗေဒသွင်းအားစုများအား ဟိုပိတ်ဈေးနှင့် လားရှိုးမြို့ဈေးတွင် ဝယ်ယူရရှိပါသည်။ ဆိုင်တွင်ပစ္စည်းပျက်တောက်သွားချိန်၌သာ နှောင်းနှေးကြန့်ကြာမှုများ ရှိနိုင်ပါသည်။ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာဝန်ဆောင်မှုများ မရရှိပါ။ ထွက်ရှိသောသီးနှံများကို ဟိုပိတ်ဈေးနှင့် လားရှိုးမြို့ဈေးတွင်သာ ရောင်းချရပါသည်။ သီးနှံစိုက်ပျိုးရာတွင် ဖျက်ပိုးနှင့် ရောဂါများကျရောက်မှု အနည်းငယ်ရှိသော်လည်း ပိုးသတ်ဆေးသုံးစွဲခြင်းများ မရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ပန်ဟတ်ကျေးရွာတွင် ကျွဲ၊ နွား၊ ဝက် မွေးမြူသူရှားပါးပြီး ကြက်ကိုသာ စီးပွားဖြစ်မွေးမြူကြပါသည်။ တိရိစ္ဆာန်များကို ကြိုတင်ကာကွယ်ဆေးထိုးနှံမှု မရှိပါ။ ရောဂါဖြစ်ပွား

မှသာ လားရှိုးမြို့သို့ သွားရောက်ကုသကြပါသည်။ တိရိစ္ဆာန်များအား ပွဲစားများထံ ပေါက်ဈေး အတိုင်း ရောင်းချရပါသည်။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် စားကျက်မြေနှင့် ရေရရှိမှုမှာ အသင့်အတင့်ရှိပါသည်။ ကျွဲ၊ နွားများကို မွေးမြူရာတွင် သီးနှံများရိတ်သိမ်းပြီးချိန်မှသာ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူရပါသည်။ သီးသန့် စားကျက်မြေဟူ၍ မရှိပါ။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် လိုအပ်သောရေကို စက်ရေတွင်းမှ ရရှိပါသည်။ ကျွဲ၊ နွားများကို စိုက်ပျိုးရေး လုပ်ငန်းတွင် ထွန်ယက် ရန်နှင့် ရောင်းစားရန်အတွက် အသုံးပြုကြပါသည်။

မွေးမြူရေးအတွက် လိုအပ်သောအစာများ၊ ဆေးဝါးများကို ဟိုပိတ်ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ မွေးမြူရေးသားငါးထုတ်လုပ်မှုတွင် အဓိကနွားရောင်းရခက်ခဲခြင်း၊ ဝက်သားပေါက်များ ရောင်းချမှုခက်ခဲခြင်း၊ အသားတိုးဝက်ကြီးများ ရောင်းချရာတွင် လိုအပ်သောဈေးနှုန်းများ မရရှိခြင်း၊ အိမ်ခြံဝင်းများလုံလောက်မှုမရှိခြင်း၊ ရောဂါများအနေဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်ခန့်ကျ ရောက်တတ်ခြင်းတို့ဖြင့် ရင်ဆိုင်နေရပါသည်။ လိုအပ်သည့် အရင်းအနှီးငွေများလုံလောက်စွာ မရရှိခြင်းများ ကြုံတွေ့ရပါသည်။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ချေးငွေများ ရရှိသော်လည်း လိုသလောက်မရရှိနိုင်ပါ။ မွေးမြူရေးနည်းပညာအသိဗဟုသုတမရှိသောကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူမရှိပါ။ ရှေးရိုးစဉ်လာအတိုင်းသာ မွေးမြူကြ၍ ရောဂါကျရောက်မှသာ ရမ်းကုများဖြင့် ဆေးကုသခြင်း၊ ဆေးထိုးနှံခြင်းများ ဆောင်ရွက်ကြပါသည်။

တိရိစ္ဆာန်ရောဂါကျရောက်သောချိန်များတွင် အချိန်မီကုသနိုင်ပါက ပျောက်ကင်းပြီး၊ များသောအားဖြင့် ဆုံးရှုံးမှုများပါသည်။ ကျွဲ၊ နွား၊ ဝက်များကို ကုမ္ပဏီနှင့် ပွဲစားများမှ ကျေးရွာတွင် လာရောက်ဝယ်ယူ၍ ၄င်းတို့ သတ်မှတ်သောနှုန်းထားအတိုင်းသာ ရောင်းချရပါသည်။ ဝက်၊ ကြက်များကို မိမိအိမ်ခြံဝင်းအတွင်း၌သာ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ စီးပွားဖြစ်မွေးမြူရန် အိမ်ခြံဝင်း မြေနေရာအလုံအလောက်မှုမရှိပါ။ မွေးမြူရေးနှင့် ပတ်သက်သည့်နည်းပညာများ၊ ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာသည် တောင်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ဆောင်ရွက် သော ကျေးရွာဖြစ်သည်။ ကျေးရွာတွင် မြေယာမဲ့များ၍ ကြုံရာကျပန်းလုပ်ကိုင်သော လုပ်သားများပါသည်။ မြို့နှင့်နီးသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လျှပ်စစ်မီးပုံမှန်ရရှိပါသည်။ တောင်ယာလုပ်ငန်းများကိုသာ လုပ်ကိုင်သည့်အတွက် လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန်နှင့် ဈေးကွက်ဆိုင်ရာအသိအမြင်များမရှိပါ။ မြစိမ်းရောင်

ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ချေးငွေများရရှိသော်လည်း လိုသလောက်မရရှိနိုင်ပါ။ လုပ်သားအင်အားရှိသော်လည်း ကျေးရွာတွင်အမြဲလုပ်ငန်းခွင်မရှိခြင်း၊ စက်ရုံအလုပ်ရုံမရှိခြင်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ အလုပ်နှင့်လိုက်လျောညီထွေသောပညာရပ်များကို ကျွမ်းကျင်စွာတက်မြောက်မှု အားနည်း၍ အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်ရန် အခက်အခဲများရှိနေပါသည်။ နေရာမလုံလောက်ခြင်း၊ ရင်းနှီးပိုင်းဆိုင်ရာမလုံလောက်ခြင်း၊ ကျွမ်းကျင်တတ်မြောက်မှုအားနည်းခြင်း၊ နည်းပညာနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရရှိခြင်းတို့ကြောင့် အခက်အခဲများကြုံတွေ့နေရပါသည်။ ကျေးရွာတွင် ကုန်ကြမ်းများအသင့်အတင့် ရရှိနိုင်ပါသည်။ ကျေးရွာရှိ အချို့မိသားစုဝင်များသည် တစ်နိုင်တစ်ပိုင်ကုန်စုံဆိုင်ဖွင့်၍ အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုအားနည်းသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ အခြားဒေသများနှင့်နိုင်ငံ ရပ်ခြားဒေသတို့တွင် အခြေခံအလုပ်များကို သွားရောက်လုပ်ကိုင်သူဦးရေ များပြားသဖြင့် ကျေးရွာတွင်းတွင် လုပ်သားအင်အား ရှားပါးပါသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှုလည်း အားနည်းပါ သည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ကျွန်တော်တို့ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၍ မူဆယ်မြို့၊ လားရှိုးမြို့နှင့် တရုတ်ပြည်များသို့ သွားရောက်၍ စက်ရုံ၊ အလုပ်ရုံများ၊ ထမင်းဆိုင်များနှင့် အိမ်အကူအလုပ်များ လုပ်ကိုင်ကြပါသည်။ သွားပြန်လုပ်ရာတွင် စရိတ်စျေးကြီးခြင်း၊ အလုပ်လုပ်ရာတွင် ရေရှည်လုပ်မှသာ လုပ်ခလစာကောင်းများရရှိခြင်းတို့ကြောင့် အနည်းဆုံး တစ်နှစ်ခန့်နေထိုင်လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်နှင့်၊ ကျေးရွာထက် လုပ်အားခ(၂)ဆ ပိုမိုရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အဝေးနေရာသို့ သွားရောက်လုပ်ကိုင် နေသူထံမှ ပြန်ပို့ငွေကို မှီခိုသောအိမ်ထောင်စု(၁၇)အိမ်ရှိပါသည်။ ပြန်ပို့ငွေများကို လူကြုံဖြင့် လွှဲပို့ကြပါသည်။

(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်

ကျွန်တော်တို့ပန်ဟတ်ကျေးရွာနှင့် မနီးမဝေးတွင် ဟိုပိတ်စျေးရှိပြီး (၅)ရက်တစ်စျေးဖြစ်ပါသည်။ ထို့ကြောင့် စျေးပိတ်ရက်များတွင် အခက်အခဲများရှိပါသည်။ ဟိုပိတ်စျေးတွင် လိုအပ်သောပစ္စည်းများကို ဝယ်ယူရရှိနိုင်ပြီး အခြားဆောက်လုပ်ရေးပစ္စည်းများကိုမူ လားရှိုးမြို့ပေါ်စျေးသို့ သွားရောက်ဝယ်ယူရပါသည်။

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ပန်ဟတ်ကျေးရွာတွင် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (မြစိမ်းရောင်ကျေးရွာစီမံကိန်း) ရှိပါသည်။ စီမံကိန်းကို ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ အတိုးနှုန်း(၁%)ဖြင့်၊ အတိုးအရင်းအား တစ်နှစ်တစ်ခါ ပေးဆပ်ရပါသည်။ စိုက်ဘဏ်(သို့)ပုဂ္ဂလိကဘဏ်အစရှိသည့်ဘဏ်များမှာ ပုံစံ(၇)မျိုးအထောက်အထားမရှိသောကြောင့် ချေးယူ၍မရရှိပါ။ ကျေးရွာတွင်ပြင်ပမှလာရောက် လုပ်ဆောင်ပေးနေသည့်ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများမရှိပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာသောကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့၏ကျေးရွာတွင်းလမ်းမှာ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ခုနှစ်တွင် သိန်း(၅၀)ချပေးပြီး ပေ(၁၀၀၀)အထိ ကျောက်ချောလမ်းခင်းပြီး ဖြစ်ပါ သည်။ ကျန်သောလမ်းမှာ မြေသားလမ်းများဖြစ်နေ၍ သွားလာရခက်ခဲခြင်း၊ တစ်နှစ်လျှင် ၄-၅ ကြိမ် ပြန်လည်ပြုပြင်ရပါသည်။ မိုးများသောဒေသဖြစ်၍ သွားလာရအခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ လမ်းရေ တိုက်စားခြင်း၊ ရွံ့ဗွက်များပေါများခြင်း၊ ရေအိုင်များဖြစ်ပေါ်ခြင်းများကြောင့် ကျန်းမာရေးထိခိုက်မှုများ ရှိနေပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဆိုင်ကယ်များကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အဓိကအသုံးပြုကြပြီး ကား၊ ထော်လာကျီများ သုံးစွဲမှုနည်းပါသည်။ ကျေးရွာတွင် မော်တော် ဆိုင်ကယ် (၅၃)စီး၊ ထော်လာကျီ (၅)စီး၊ ကား (၂)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ရွာတွင် လျှပ်စစ်မီးရရှိရန် အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ အချို့အိမ်များသည် မီးလိုင်းကြေးသွင်း ရခြင်း၊ ကြိုးသွယ်တန်းခမြင့်မားခြင်း၊ အိမ်တွင်းဝါယာရိန်းရိုက်ခစျေးကြီးခြင်း၊ မီတာစောင့်ရှောက်ခ စျေးကြီးသဖြင့် အသုံးမပြုနိုင်ကြပါ။ ဆိုလာမီးကိုသာ အားကိုးရပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့ကျေးရွာတွင် ဆက်သွယ်ရေးကောင်းမွန်ပြီး မည်သည့်ဖုန်းလိုင်းမဆို ရရှိပါသည်။ သို့သော် ပညာတတ်နည်းပါးခြင်း၊ ဘာသာစကားခက်ခဲခြင်း၊ မြန်မာစကားတက်ကျွမ်းမှု မရှိခြင်း၊ စာတတ်မြောက်မှုနည်းပါးခြင်းကြောင့် သတင်းအချက်အလက်များအချိန်နှင့် တစ်ပြေးညီ သိရှိနိုင်မှုအားနည်းပါသည်။

၇။ ပညာရေး

ကျွန်တော်တို့ကျေးရွာအတွင်း၌ ယခင်က အခြေခံပညာ ကျောင်းမရှိခြင်း၊ ရှိသည့်ကျောင်းနှင့် အလှမ်းဝေးခြင်းများကြောင့် စာမတတ်သူဦးရေများပါသည်။ ယခုလက်ရှိအချိန်တွင်လည်း စီးပွားရေးခက်ခဲခြင်း၊ မြို့ထဲတွင် ဆွေမျိုးအသိမရှိခြင်း၊ ဘော်ဒါဆောင်ထားရန် ငွေကြေးခက်ခဲမှုများရှိခြင်းတို့ကြောင့် အထက်တန်းပညာကို တက်ရောက်သူဦးရေနည်းပါးပါသည်။ ရိုးရာကိုးကန့်ပညာရေးကျောင်းကိုသာ သင်ယူကြပါသည်။ ထို့ကြောင့် ကျေးရွာတွင် စာမတတ်သူဦးရေ များလာခြင်း၊ ဘာသာစကားပေါက်ရောက်မှု မရှိခြင်းတို့ကြောင့် အသိပညာဖွံ့ဖြိုးမှုအားနည်းခြင်းများ ကြုံတွေ့နေရပါသည်။

အချို့အိမ်ထောင်စုများသည် မိသားစုများပြီး ကျောင်းနေစရိတ်မတတ်နိုင်ခြင်းများ ရှိခြင်းကြောင့် ကျောင်းဆက်မတက်နိုင်၍ ကျောင်းသားဦးရေ နည်းပါးနေရပါသည်။ ကျောင်းနေအရွယ်များသော်လည်း အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရပါသည်။ ကျေးရွာတွင် လက်ရှိကျောင်းဆောင်အိမ်သာများလုံလောက်မှု ရှိနေပြီဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂမှာ လုံလောက်မှုမရှိသေးပါ။ အဓိကအစိုးရခန့်ဆရာ/ဆရာမ မလုံလောက်၍ ကျေးရွာခန့် ဆရာ/မ ငှားရမ်းရပါသည်။ သို့ဖြစ်ပါ၍ လစာအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ ပညာရေးအခက်အခဲနှင့်ပြဿနာမှာ ကျောင်းဆရာ/မ မလုံလောက်မှုမှာ အဓိကပြဿနာဖြစ်ပါသည်။ တပည့်ဆရာအချိုးမှာ ၆၉း၁ကျော်ရှိနေပြီး ဆင်းရဲသောမိသားစုကျောင်း စရိတ်မတတ်နိုင်မှုမှာ လုံးဝမရှိဘဲ ကျောင်းမိဘဆရာအသင်းမှ ကြိုးစားကူညီမှုဖြင့် လက်တွဲခေါ်ယူ နေရပါသည်။

ကျေးရွာရှိ အခြေခံပညာကျောင်းကို Arche Nova အဖွဲ့အစည်းမှ ဆောက်လုပ်လှူဒါန်းပေးခြင်းကြောင့် မူလတန်းကျောင်းကို ရရှိခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ ဇွန်လ (၂၇)ရက် နေ့တွင် ကျောင်းဆောင်ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျောင်းဆောင်သစ်(၂)ဆောင်၊ ကျောင်းအိမ်သာ၊ သောက်ရေသန့်စက်၊ ကျောင်းအားကစားကွင်းနှင့် အားကစားပစ္စည်းများ၊ ပရိဘောဂများနှင့် ကျောင်းခြံစည်းရိုးများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းအဆောက်အဦနှင့် ပရိဘောဂများပြည့်စုံလုံလောက်မှုရှိပါသည်။

ကျောင်းတွင် နံက်(၆:၃၀)မှ (၈:၀၀)နာရီအထိ ကိုးကန့်စာ(တရုတ်စာ)ကို သင်ကြားပြီး ပုံမှန်ကျောင်းချိန်ကို ဆက်လက်သင်ကြားပါသည်။ မူလတန်းကျောင်းတွင် အစိုးရခန့် ဆရာမ(၁)ဦး

သာရှိပါသည်။ ကျေးရွာမှဆရာမ(၂)ဦးကို ငှားရမ်းထားပေးပါသည်။ ဆရာ/ ဆရာမငှားရမ်းခ အတွက် ကျောင်းသူကျောင်းသားများမှ တစ်ဦးလျှင်၃၀၀၀ကျပ် ထည့်ဝင်ကြရပါသည်။ အတန်း(၅) တန်းတွင် ဆရာမ(၃)ဦးသာရှိသည့်အတွက် ဆရာ/ဆရာမ လုံလောက်မှုမရှိပါ။ တန်းခွဲများကိုမျှ၍ သင်ကြားရသောကြောင့် ပညာတတ်မြောက်မှုတွင် အားနည်းပါသည်။

၈။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးနှင့်အာဟာရပိုင်းတွင် အာဟာရချို့တဲ့မှုမှ အခြေပြု၍ ပုံမှန်စားသောက်မှု နည်းပါးခြင်း၊ လိုအပ်သည့်အချို၊ အချဉ်၊ အစပ်၊ အခါး စသည့်အာဟာရများကို မစားသုံးနိုင်ခြင်း၊ ကျေးရွာမှထွက်ရှိသော အသီးအနှံဖြင့်သာ စားသောက်ရ၍လိုအပ်သည့် အာဟာရမရရှိမှုကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ၄င်္ဂါဖျားရောဂါဖြစ်ခြင်း၊ သွေးလွန်တုပ်ကွေးများ ဖြစ်ပေါ်ခြင်းစသည့် ရောဂါများဖြစ်ကြပါသည်။ ကျေးရွာတွင် ကြိုတင်ကာကွယ်မှုများမရှိသောကြောင့် ရာသီအလိုက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ၄င်္ဂါဖျားရောဂါများလည်း အနည်းငယ် ဖြစ်ပွားမှုရှိပါသည်။ အစားအသောက် ဆင်ခြင်စားသုံးမှုမရှိသောကြောင့် သွေးတိုး၊ ဆီးချိုရောဂါများလည်း ဖြစ်ပွားသူများရှိပါသည်။ ကာကွယ်ဆေးမှာ ကျေးလက်ဆေးပေးခန်းမှ အခါအားလျော်စွာ ခေါ်ယူထိုးနှံပေးပါသည်။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသည် ပန်ဟတ် ကျေးရွာမှ (၃)မိုင်အတွင်းတွင်တည်ရှိပြီး အခန်းကုတင်လုံလောက်မှုမရှိပါ။ ကျေးရွာနှင့်ရွာအနီးတွင် တိုက်နယ်ဆေးရုံ၊ ဆေးဆိုင်မရှိသောကြောင့် အရေးပေါ်ဆေးကုသမှုခံယူရန်ခက်ခဲပြီး လားရှိုးမြို့သို့ သွားရောက်ဆေးကုသရပါသည်။

သောက်သုံးရေမှာ လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးဖော်ဆောင်ရွက်ပေးသည့် အဝီစိတွင်းစက်တပ်မှ တစ်ရွာလုံးဖြန့်ချိမှီခို သောက်သုံးနေပါသည်။ ကျွန်တော်တို့ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို သုံးစွဲသည့်အိမ်ထောင်စုများပြီး မသန့်ရှင်းသော ယင်လုံအိမ်သာများ သုံးစွဲသည့်အိမ်ထောင်စုများလည်း အနည်းငယ်ရှိနေကြောင်း တွေ့ရှိပါသည်။

၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များလက်ရှိအလေ့အကျင့်မှာ ဓါတ်မြေဩဇာသုံးစွဲမှုများခြင်း၊ ပိုးသတ်ဆေးသုံးစွဲမှုများခြင်း၊ တောင်ယာများမီးရှို့ခြင်း၊ သစ်တောများမီးရှို့ခြင်း၊ သစ်ပင်များခုတ်ထွင် ရှင်းလင်းခြင်း၊ ထင်းခုတ်မီးသွေးဖုတ်ခြင်းများကြောင့် သဘာဝအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုများရှိနေပါသည်။

၁၀။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာအတွင်း ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မှာ မြင့်မားပါသည်။ သို့သော်ကျေးရွာအတွင်း သာရေးနာရေးလူမှုဖွံ့ဖြိုးရေးများတွင် အမျိုးသမီးများ ဦးဆောင်၍ ချက်ပြုတ်ရေးများ၊ အလှူငွေကောက်ခံခြင်းများ၊ ပစ္စည်းများထိန်းသိမ်းခြင်းတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြပါသည်။ မည်သည့်လုပ်ငန်းမဆို ပါဝင်တက်ကြွမှုများရှိပါသည်။ အမျိုးသမီးငယ်များအား သံသယ ဖြစ်ဖွယ်အကြမ်းဖက်မှု၊ တိုင်ကြားမှုများမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်များ အား နည်းနေကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စ၊ မိသားစုသားသမီးအရေးနှင့်သာ အချိန်ကုန်သဖြင့် ကျေးရွာစီမံအုပ်ချုပ် မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်နိုင်မှုမရှိပါ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့ကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင် ကူညီဆောင်ရွက်ပေးခြင်းများ ရှိပါသည်။ အားကစားနှင့် ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ မရှိပါ။ ဖွံ့ဖြိုးရေးလုပ်ငန်း ရိုးရာဓလေ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှုအားနည်းပါသည်။ လူငယ်များသင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများ နေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက်များမရှိပါ။ တရုတ်ရိုးရာ ဓလေ့ယဉ်ကျေး မှုအမွေအနှစ်၊ အကများကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပွဲတော်များကျင်းပသည့်အချိန်တွင် ရိုးရာ အကများ ကပြခြင်း၊ တူရိယာများဖြင့် တီးခတ်ဖျော်ဖြေခြင်းများ ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး

ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေးမှာ ကောင်းမွန်ပါသည်။ ရွာတွင်း ပြည်သူ့စစ်၊ မီးသတ်နှင့် ကျေးရွာလူထုပူးပေါင်း ဆောင်ရွက်လျှက်ရှိသောကြောင့် တည်ငြိမ်ပြီး ဘေးကင်းလုံခြုံမှု မှာ ကောင်းမွန်ပါသည်။ မှုခင်းဖြစ်ပွားမှုအခြေအနေမှာ နည်းပါးပါသည်။ အခြားရွာများမှ လာရောက် ခိုးယူသူ တစ်ခါတစ်ရံရှိတတ်ပါသည်။ သို့သော် ကျေးရွာမှလုံခြုံရေးနှင့် လူထုပူးပေါင်းဆောင်ရွက်မှုကြောင့် လုံခြုံမှုအနေအထားကောင်းမွန်ပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁	3	3			
၂	ကျောင်းအိမ်သာဆောက်လုပ်ခြင်း	၄	3	3			
၃	ကျောက်သုံးပရိဘောဂများ ဖြည့်တင်းခြင်း	၃	3	3	3		
၄	မွေးမြူရေးပညာပေးသင်တန်း	၆	3	3	3	3	3
၅	စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း	၇	3	3	3	3	3
၆	စက်ကိရိယာများအရစ်ကျဝယ်ယူ/ငှားရမ်းခြင်း	၈			3	3	
၇	သစ်တောနှင့်ပတ်သက်သောသင်တန်းပေးခြင်း	၉	3	3	3	3	3
၈	ကျန်းမာရေးပညာပေးသင်တန်း	၁၀	3	3	3	3	3
၉	အသက်မွေးဝမ်းကျောင်းသင်တန်း	၅	3	3	3	3	3
၁၀	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း	၂		3	3		

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) ပန်ဟတ်ကျေးရွာ

ကျေးရွာ – **ပန်ဟတ်ကျေးရွာ** **ကျေးရွာအုပ်စု** – **ပန်ဟတ်ကျေးရွာအုပ်စု** **မြို့နယ်** – လား:ရှိုးမြို့နယ် **တိုင်းဒေသကြီး / ပြည်နယ်**– ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် – ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ရွာသူ/သားများ၊ ကျောင်းသူ/သား ကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊ သွားလာရာတွင် အခက်အခဲများ ရှိပါသည်။ • စီးပွားရေးအတွက် ရောင်းဝယ်ဖောက်ကားရာတွင် အခက်အခဲများ ဖြစ်စေပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊ • ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • လမ်းကောင်းမွန်မှုကြောင့် လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများ ပညာသင်ယူမှု အဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့် စီးပွားရေး ရောင်းဝယ်မှု ပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်း ယခင်ကထက်ပိုမိုတိုးတက်လာပါမည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) • ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၈၀၀'× ၁၂'× ၆")
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀၀၀၀၀၀(ငွေသား) • _____(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ

• ၃၇ဖ၀၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၀၉	၁၈၅	၃၉၄	၈	၃၀	၂၀	၂	၆၀
အကျိုးခံစားမည့်သူ ဦးရေ	၂၀၉	၁၈၅	၃၉၄	၈	၃၀	၂၀	၂	၆၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • **ပန်ဟတ်**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။ • လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက် များထားရှိပါမည်။ • လမ်းပြုပြင်မှုအား မပျက်စီးအောင် ကျေးရွာသူ/ကျေးရွာသားများအားလုံး ထိန်းသိမ်းသွားပါမည်။ လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင် သွား

ပါမည်။

နောက်ဆက်တွဲ (၁)

ပန်ဟတ်ကျေးရွာ၊ဟိုပိတ်ကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမောင်စိုး	ဦးတင်ရွှေ	၉/ကပတ(နိုင်)၀၄၀၆၇၄	၄၇	ဥက္ကဋ္ဌ	၀၉-၂၆၅၆၁၂၃၂၂
၂	ဦးလောအေး	ဦးကိုက်ပေါင်	၁၃/လရန(နိုင်)၀၈၃၅၂၀	၄၇	အတွင်းရေးမှူး	၀၉-၃၁၅၉၁၁၅၁
၃	ဦးလော်တား	ဦးဟော်ရင်ပေါင်	LSO-၂၁၁၃၃၀	၂၈	ဘဏ္ဍာရေးမှူး	၀၉-၂၅၈၆၂၅၅၃၇
၄	ဦးကျော်ခိုင်စိုး	ဦးမြင့်သန်း	၉/ကပတ(နိုင်)၂၆၃၅၁၅	၂၂	စာရင်းကိုင်	၀၉-၄၄၂၉၀၄၂၁၁
၅	ဒေါ်ရင်ထွမ်	ဦးလီဟွမ်ကြုံ့	LSO-၂၁၁၃၃၃	၂၇	သော့ကိုင်(၁)	၀၉-၇၈၄၂၈၃၄၈၀
၆	ဦးလောက်ဆိန်	ဦးချောက်တေ့	၁၃/လရန(နိုင်)၄၆၂၃၄၉	၄၈	သော့ကိုင်(၂)	၀၉-၂၅၅၆၁၉၇၂၅
၇	ဒေါ်ဝမ်ဆုန်ရင်း	ဦးဝမ်ဆုန့်	LSO-၂၁၁၁၇၁	၄၈	အဖွဲ့ဝင်	၀၉-၇၇၁၇၆၀၆၃၃

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၅	၈
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂၃	၂၀	၄၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၉	၂၄	၅၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၂	၃၁	၆၃
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၈	၉၄	၂၁၂
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၁၁	၁၅
စုစုပေါင်း		၂၀၉	၁၈၅	၃၉၄
စုစုပေါင်း အိမ်ထောင်စု		၆၀		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ် ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည် မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)နှစ်ပြည့်အရွယ်နှင့်၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပန်ဟတ်ကျေးရွာတွင် အိမ်ထောင်စု(၆၀)အိမ်ရှိပြီး၊ ဗမာ၊ ကိုးကန့်၊ ခိုလုံ-လီရှော လူမျိုးများ စုပေါင်းနေထိုင်လျက်ရှိပါသည်။ လူဦးရေစုစုပေါင်း (၃၉၄)ဦးဖြစ်ပြီး ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆-၇)ဦးရှိပါသည်။ နို့စို့အရွယ်ကလေးများအား ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးလျက်ရှိပါသည်။ ကာကွယ်ဆေးများ မထိုးနှံကြသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို ၆-၇နှစ်မှ စတင်တက်ရောက်ကြပါသည်။ ကလေးဦးရေ များပြား၍ စားဝတ်နေရေးခက်ခဲမှုများနှင့် ကြုံတွေ့ရပါသည်။ တောင်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ပြီးပါက မီးသွေးဖုတ်ခြင်း၊ ပန်းရံ လက်သမားလုပ်ခြင်း၊ ပိုးစာပင်များစိုက်ခြင်း၊ ပိုးမွေးခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် တောင်ယာအဌားလိုက်ခြင်း၊ ပြောင်းစိုက်ခြင်း၊ ပြောင်းချိုးခြင်း၊ ပန်းနှမ်းများ စိုက်ပျိုးခြင်းများကို လုပ်ကိုင်ကြပါသည်။ အခြားမြို့များသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိပါ သည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၀	၁၃၁	၀	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၂	၄	၃၂	မြင့်□□□□လတ်□□□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□□□□လတ်□□□□နိမ့်□
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၆	ထုတ်ကုန်လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား /	၀	၀	၀	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁၆	၃၄	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်လတ်နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

